## Covid-19 ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြရန်လိုအပ်သော ပတ်ဝန်းကျင်နှင့်လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်ချက်

၁။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်အား မည်သို့ထိခိုက်နိုင်ကြောင်းကို နားလည်စေရန်အတွက် ပတ်ဝန်းကျင်၏ ရုပ်ပိုင်းဆိုင်ရာ၊ သက်ရှိဇီဝ၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် မြင်ကွင်းဆိုင်ရာ ဝိသေသ လက္ခဏာများကို ဖော်ပြထားရန် လိုအပ်သည့်အတွက် အစိုးရရုံးများ (နိုင်ငံအဆင့်၊ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ ကျေးရွာအဆင့်) နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ တစ်ဆင့်ခံ အချက်အလက်များကိုလည်း အသုံးပြုနိုင်သော်လည်း ဖြစ်နိုင်ပါက ကွင်းဆင်းစာရင်း ကောက်ယူခြင်းဖြင့် ရရှိသော မူလအချက်အလက်များပြည့်စုံမှုသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ အဓိက အခြေခံဖြစ်သည်။ ထို့အပြင် လေ့လာသည့်ဧရိယာ၏ တစ်ဆင့်ခံအချက်အလက်များကို ရိုးရှင်းသော စာရင်းကောက်ခြင်းလုပ်ငန်း (Simple field survey) ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်သည့် ပုဂ္ဂိုလ်/အုပ်စုများနှင့် အစည်းအဝေးများ ပြုလုပ်ခြင်း သို့မဟုတ် စီမံကိန်းနှင့် ပတ်သက်သည့် အခြားစာရင်းကောက်လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရရှိလာသည့် Primary Data ကိုသာ အသုံးပြုရပါမည်။

၂။ စီမံကိန်းအဆိုပြုသူအနေဖြင့် Covid-19 ကာလအတွင်း ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ဆိုင်ရာ အစီရင်ခံစာများရေးသားရာတွင် လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာအခြေပြုအချက်အလက်များ primary data ကောက်ယူရာ၌ စိန်ခေါ်မှုများ ရှိနေသည့်အတွက် ဝင်ရောက်လေ့လာနိုင်မှုအခြေအနေ ကန့်သတ်ချက်များရှိပြီး အခြေပြုအချက်အလက်များ ကောက်ယူရရှိရန် အခက်အခဲရှိနိုင်သည့် နေရာများမှအပ ကျန်နေရာများတွင် Primary data များကိုမဖြစ်မနေ အသုံးပြုရန်နှင့် အချက်အလက်ကောက်ယူရာတွင် အနည်းဆုံး ဆောင်ရွက်ရမည့်လိုအပ်ချက်များကို အောက်ပါနည်းလမ်းအတိုင်း ဆောင်ရွက်သင့်ပါသည် -

(က) ဝင်ရောက်လေ့လာနိုင်မှုအခြေအနေ ကန့်သတ်ချက်များရှိသော စီမံကိန်းဒေသ၌ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူရာတွင် ကွင်းဆင်းလေ့လာသူများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(၁) Primary data ကောက်ယူရန် လိုအပ်သော EIA ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများအနေဖြင့် ကွင်းဆင်းလေ့လာသူများ ဝင်ရောက်လေ့လာနိုင်မှုအခြေအနေ ကန့်သတ်ချက်ရှိသော စီမံကိန်းဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာအခြေပြုအချက်အလက်များ ကောက်ယူခြင်းအတွက် ကျေးရွာနှင့်အနီးဆုံးနေရာများတွင် sampling point များ သတ်မှတ်ပြီး လူ (၅) ဦးထက်မပိုသော

ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးတိုင်းတာခြင်း (Environment Quality Measurement) လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲဆောင်ရွက်ရမည့် စီမံကိန်း/ လုပ်ငန်းများတွင် သွားလာရခက်ခဲသောနေရာများ၌ စောင့်ကြပ်ကြည့်ရှုမည့် တည်နေရာများကို အတည်ပြုသတ်မှတ်နိုင်ခြင်း၊ စီမံကိန်း၏ ဧရိယာအတွင်း layout-map များကို ရေးဆွဲရာတွင် Drone နည်းပညာကို အသုံးပြု ကောက်ယူရန်၊

(၃) လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူရာ၌ Field-work များလုပ်ဆောင်၍ မရသည့်နေရာများတွင် စီမံကိန်းဧရိယာအနီး ယခင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းနှင့်ဆက်စပ်သော အချက်အလက်များ (ဥပမာ-ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း အစီရင်ခံစာ၊ အင်တာနက်တွင် Free access ပေးထားသည့်လင့်ခ်များ (Myanmar Information Management Unit-MIMU)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အချက်အလက်များ) ကို [1,2]secondary data အနေဖြင့် ပြန်လည်အသုံးပြုရန်နှင့် စီမံကိန်းအနီးဝန်းကျင်ရှိ ဆောင်ရွက်လျက်ရှိသော အခြားသောစီမံကိန်းများမှ ကောက်ယူခဲ့ပြီး အချက်အလက်များကို ကိုးကားဖော်ပြရန်၊

(၄) [3,4]အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများတွင် သက်ဆိုင်သည့် ပုဂ္ဂိုလ်များ/ အုပ်စုများနှင့် အစည်းအဝေးများပြုလုပ်ခြင်း(Meeting/ Workshop with concerned groups) ဖြင့် လူမှုစီးပွားဆိုင်ရာ Primary Data များကို ရရှိနိုင်ပါသည်။ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း ပြုလုပ်ရန် နည်းလမ်းအမျိုးမျိုး [5](Referenda, Public hearings/ inquiries, Public opinion surveys, Negotiated rule making, Consensus conference, Citizens' jury/ panel, Citizen/ public advisory, Focus groups အပြင် အခြားနည်းလမ်းများ) ရှိကြောင်း လေ့လာသိရှိရပါသည်။ ၎င်းတို့အနက် စီမံကိန်း၏ သဘောသဘာဝ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထား

---

[1] Section 3.6 Environmental Impact Assessment Guidelines, (MOECAF 2014) (Final Draft)

[2] Section 5 Administrative Instruction of Environmental Impact Assessment Procedure, (MOECAF 2015) (Final Draft)

[3] MOECAF. (2014). Administrative Instraction of EIA Procedure (Draft).

[4] MOECAF. (2014). General EIA Guideline (Draft).

[5] Rowe, G., & Frewer, L. J. (2000). Public participation methods: A framework for evaluation. Science technology, & human values, 25(1), 3-29

သော ညွှန်ကြားချက်များနှင့်အညီ Social Distancing အကွာအဝေး၊ လက်သန့်ဆေးရည်များ ကြိုတင်စီစဉ်ပေးခြင်း၊ Mask များ တပ်ဆင်စေခြင်းစသော အချက်များကို လိုက်နာလျက် ဒေသအာဏာပိုင်များထံတွင် ခွင့်ပြုမိန့် တောင်းခံ၍ မိမိစီမံကိန်းနှင့်သင့်လျော်သည့် အထက်ပါနည်းလမ်း တစ်မျိုးကို အသုံးပြု၍ဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများ ဆောင်ရွက်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်လာသော စီမံကိန်းနှင့်သက်ဆိုင်သည့် ကိုယ်စားလှယ်များကို စီမံကိန်းဆိုင်ရာ သတင်းအချက်အလက်များကို ရှင်းလင်း မေးမြန်းခြင်းဖြင့် အဆိုပါတွေ့ဆုံ ဆွေးနွေးပွဲများမှ လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူရန်၊

(၅) အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်၌ ကနဦးအဆင့်တွင် စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ဦးစွာရှင်းပြပြီး စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ(Project Affected Persons-PAPs) ၏ အကြံပြုသဘောထားမှတ်ချက်များ၊ စိုးရိမ်ပူပန်မှုများ၊ တောင်းဆိုချက်များ သိရှိနိုင်ရေးအတွက် အကြံပြုလွှာများပေးပို့ပြီး အချက်အလက်များကောက်ယူခြင်း (Questionnaire Survey)၊ ဒေသခံအစုအဖွဲ့များကို ကိုယ်စားပြုသော ကိုယ်စားလှယ်များအား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်း၍ သတင်းအချက်အလက်နှင့် သဘောထားများတောင်းခံခြင်း (Telephone Interviews) လုပ်ငန်းစဉ်များ ပါဝင်သည့် Public opinion surveys ကဲ့သို့သော နည်းလမ်းများဖြင့် စီမံကိန်းကြောင့် ထိခိုက်ခံရနိုင်သူများ၏ ဒေသသို့ ကိုယ်တိုင်မသွားရောက်ဘဲ ဆောင်ရွက်ရန်၊

(၆) ဝင်ရောက်လေ့လာနိုင်မှုအခြေအနေ ကန့်သတ်ချက်များရှိသော စီမံကိန်းဒေသတွင် လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူရပါက စီမံကိန်းဧရိယာအနီး (ရပ်ရွာပြင်ပ)တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Covid-19 ကာလတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားရှိသော သတ်မှတ်နေရာများသို့ စီမံကိန်းပိုင်ရှင်၏ အစီအစဉ်ဖြင့် အရေအတွက် ၅ ဦး ထက်မပိုသော ဒေသခံအစုအဖွဲ့ကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ တွေ့ဆုံမေးမြန်းခြင်း (Face to Face Interviews) လုပ်ငန်းစဉ်များ ပါဝင်သည့် Negotiated Rule Making ကဲ့သို့သောနည်းလမ်းများကို အသုံးပြုရန်။

(ခ) ဝင်ရောက်လေ့လာနိုင်မှု အခြေအနေကန့်သတ်ချက်မရှိသော စီမံကိန်းဒေသ၌ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူပါက ကွင်းဆင်းလေ့လာသူများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန်-

(၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Covid-19 ကာလ ညွှန်ကြားချက်များအပေါ် အခြေခံ၍ ဒေသအာဏာပိုင်များထံတွင် ခွင့်ပြုမိန့် တောင်းခံလျက် မိမိစီမံကိန်း၏သဘောသဘာဝနှင့် သင့်လျော်သည့် အထက်ပါ နည်းလမ်းတစ်မျိုးဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းဖော်ပြပြီး အများပြည်သူနှင့် တိုင်ပင် ဆွေးနွေးပွဲများ ဆောင်ရွက်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်လာသော စီမံကိန်းနှင့်သက်ဆိုင်သည့် ကိုယ်စားလှယ်များကို စီမံကိန်းဆိုင်ရာသတင်း အချက်အလက်များကို ရှင်းလင်းမေးမြန်းခြင်းဖြင့် အဆိုပါ တွေ့ဆုံဆွေးနွေးပွဲ များမှ လူမှုစီးပွားဆိုင်ရာ အခြေပြုအချက်အလက်များ ကောက်ယူရန်၊

(၂) အများပြည်သူနှင့်တိုင်ပင် ဆွေးနွေးပွဲများ ကျင်းပရာတွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက် များနှင့်အညီ လူဦးရေနည်းစေရန်အတွက် ဒေသခံများကိုယ်စား ရာအိမ်မှူးများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အရပ်ဖက်အဖွဲ့အစည်း ကိုယ်စားလှယ်များ စသည့်သက်ဆိုင်သော ပါဝင်ပတ်သက်သူများကို ရွေးချယ်၍ လူ (၅) ဦး ထက်မပိုသော ဒေသခံကိုယ်စားလှယ်များကို ဦးစားပေး ဖိတ်ကြား သင့်ပါကြောင်း၊ အကယ်၍ ဒေသခံအစုအဖွဲ့ ကိုယ်စားလှယ် (၅) ဦး အထက်ရှိပါက တွေ့ဆုံဆွေးနွေးသည့် အကြိမ်ရေ တိုးမြှင့်ဆောင်ရွက်ရန်၊

(၃) ထို့အပြင် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများတွင် ဗီနိုင်းပိုစတာများ အသုံးပြု၍ စီမံကိန်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရှင်းလင်း ဖော်ပြပြီး စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများ၊ တောင်းဆို မှုများ၊ အကြံပြုချက်များအား အစည်းအဝေးမှတ်တမ်းစာအုပ်တွင် လာရောက် ရေးသားစေခြင်းဖြင့် ရရှိလာသောစီမံကိန်းနှင့်သက်ဆိုင်သူများ၏ စိုးရိမ်ပူပန် မှုများ၊ တောင်းဆိုချက်များ၊ ဆွေးနွေးအကြံပြုချက်များကို အခြေခံ၍ အများ ပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် သတင်းအချက်အလက်ထုတ်ဖော်ခြင်း (Public Consultation & Disclosure) အခန်းအား ရေးသားပြုစုရန်။

(ဂ) Covid-19 ကာလအလွန် စီမံကိန်းနှင့်ပတ်သက်၍ လူမှုစီးပွားဆိုင်ရာ အခြေပြု အချက်အလက်များကောက်ယူရပါကကွင်းဆင်းလေ့လာသူများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် -

(၁) Covid-19 ကာလအတွင်း ဝင်ရောက်လေ့လာနိုင်မှု အခြေအနေကန့်သတ်ချက်များကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးတိုင်းတာခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ၏ အခြေပြုအချက်အလက်များအား ရွာနှင့်အနီးဆုံးနေရာများတွင် sampling point များ သတ်မှတ်ပြီး ကောက်ယူခဲ့ခြင်းများရှိပါက ၎င်းအချက်အလက်များ တိကျမှန်ကန်စေရေးအတွက် Covid-19 အလွန်ကာလတွင် လိုအပ်ပါက ရပ်ကွက်/ကျေးရွာများအတွင်း၌ ပြန်လည်ကောက်ယူဆန်းစစ်၍ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၂) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA)၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) ဆောင်ရွက်ရမည့် စီမံကိန်းများတွင် မဖြစ်မနေလုပ်ဆောင်ရမည့် အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးပွဲများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လက်ရှိတားမြစ်ချက်များကို ရုတ်သိမ်းမည့် အချိန်နှင့် Covide-19 (Pandemic) ကပ်ရောဂါအား ထိန်းချုပ်နိုင်သည့် စိတ်ချလုံခြုံသော အချိန်ကာလ ရောက်မှသာ အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြရန်နှင့် လိုအပ်ပါက ဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်မည့် လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ရန်။